The Indemnity and Peace Act 1950,
(Act No XVIII of 1950)

# ၁၉၅၀ ပြည့်နှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့်တည်ငြိမ်ရေး အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၈။] (Act No XVIII of 1950)

၁၉၄၈ ခုနှစ်၊ စစ်ဥပဒေ ထုတ်ပြန် ကျေညာမှု ဆိုင်ရာ တချက်လွှတ် ဥပဒေ အာဏာရှင်စသည်နှင့်တပြိုင်နက်၊ ထိုတချက်လွှတ် ဥပဒေအရဆောင်ရွက်ပြီး ဆောင်ရွက်လျက်ရှိသော ကိစ္စအရပ်ရပ်တို့မှာ ဘည်ငြိမ်ခြင်းမရှိဖြစ်ဘွယ်ရာ အကြောင်းများမှ ကာကွယ်ရန်လိုအပ်သည်တကြောင်း၊ ယို့ပြင် ထိုတချက်လွှတ်ဥပဒေ၏ ညွှန်ကြားချက်အတိုင်း၊ သဘောရိုးနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သောအမှုထမ်း၊ အစာထမ်းစသည်တို့ကို ကင်းလွတ်ချမ်းသာခွင့် ပေးအပ်ရန် လိုသည်တကြောင်း၊ ထိုအကြောင်း များကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့် တည်ငြိမ်ရေးအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ စစ်ဥပဒေ ထုတ်ပြန်ကျေညာမှုဆိုင်ရာ တချက်လွှတ်ဥပဒေရပ်စသည်နှင့်တပြိုင်နက်၊ အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ ရှေ့နောက် စကား တို့ကို ထောက်ထားရန် မလိုလျှင်—

"စစ်သေနာပတိချုပ်" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစု စစ်သေနာပတိချုပ်ကိုဆိုလိုသည်။

"တချက်လွှတ်ဥပဒေ" ဆိုသည်မှာ၊ ၁၉၄၈ ခု၊ စစ်ဥပဒေ ထုတ်ပြန်ကျေညာမှုဆိုင်ရာ တချက်လွှတ် ဥပဒေ (၁၉၄၈ ခု၊ ဥပဒေအမှတ် ၅) ကို ဆိုလိုသည်။

၃။ ။(၁) တချက်လွှတ်ဥပဒေ အာဏာ အတည်ဖြစ်နေဆဲ အခါတွင်၊ စစ်သေနာပတိချုပ်က ခန့်ထားဖွဲ့စည်းထားသည့်ရုံးများနှင့် ခုံအဖွဲ့များက ချမှတ်ခဲ့သော အမိန့်၊ စီရင်ချက်၊ ပြစ်ဒဏ်စီရင်ခြင်းတို့သည် အဆိုပါ တချက်လွှတ်ဥပဒေ အာဏာ ရပ်စဲသော်လည်း၊ တည်မြဲလျက်ရှိစေရမည်။

(၂) ပုဒ်မခွဲ (၁) တွင်ဖေါ်ပြခဲ့သော ရုံးများနှင့် ခုံအဖွဲ့များက ပြစ်ဒဏ်စီရင်ပြီးအကျဉ်းခံနေရသူသော်၎င်း၊ အပြစ်ဒဏ်စီရင်ခြင်းခံနေရသူသော်၎င်း၊ ထိုသူတို့သည်၊ တချက်လွှတ်ဥပဒေ အာဏာရပ်စဲသော်လည်း၊ ချမှတ်စီရင်ခြင်းခံရခဲ့သော ပြစ်ဒဏ်၊ ထောင်ဒဏ်အစရှိသည်တို့ကို ချမှတ်စီရင်ခဲ့သည့်အတိုင်း ဆက်လက်ခံယူရမည်။

(၃) တချက်လွှတ်ဥပဒေအာဏာ တည်နေဆဲအခါက၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ တဦးတယောက်အား၊ ပြစ်ဒဏ်စီရင်ခြင်းကို ကြည့်ရှုပြင်ဆင်ရန်စစ်သေနာပတိချုပ်က ခန့်အပ်ထားသောရုံးများ၊ ခုံအဖွဲ့များတွင် ဤဥပဒေအာဏာတည်သည့်နေ့၌၊ မပြီးပြတ်သေးသောလျှောက်လွှာများနှင့် တချက်လွှတ်ဥပဒေအာဏာ မရပ်စဲမီ၊ ထိုတချက်လွှတ်ဥပဒေအရ ခန့်အပ်ထားသော မူလ ရာဇဝတ်ရုံးများ၊ ခုံအဖွဲ့များက ချမှတ်ပြီးဖြစ်သော အမိန့် စီရင်ချက်၊ ပြစ်ဒဏ်စီရင်ခြင်းများကို ကြည့်ရှုပြင်ဆင်ရန် လျှောက်လွှာများကို

Price,—One anna.]

တချက်လွှတ်ဥပဒေ တည်မြဲလျက်ရှိသကဲ့သို့ အပြီးတိုင်အောင် ဆက်လက်၍ ကြည့်ရှုပြင်ဆင်ရန် သက်ဆိုင်ရာရုံးများနှင့် ခုံအဖွဲ့များမှာအာဏာရှိရမည်။

၄။ ။တချက်လွှတ်ဥပဒေပါ ပြဋ္ဌာန်းချက်အရသော်၎င်း၊ တချက်လွှတ်ဥပဒေကို လိုက်နာဆောင်ရွက်ရာ၌သော်၎င်း၊ တချက်လွှတ်ဥပဒေအရ အာဏာများကို သုံးစွဲရာ၌ သော်၎င်း၊ တချက်လွှတ် ဥပဒေကိစ္စအလို့ငှါ ဆောင်ရွက်ရာ၌သော်၎င်း၊ သဘောရိုးဖြင့် ပြုမူဆောင်ရွက်သူအား၊ ဆိုခဲ့သောပြုမူဆောင်ရွက်ချက်အတွက် မည်သည့် တရားရုံးကမျှ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ အရေးယူပိုင်ခွင့်မရှိစေရ။

G.U.B.C.P.O.—No.122, M. of J. S., 28-4-50—1,500—II.